# အမှာစာ

ဤဝတ္ထုရေးသားရာ၌ ငယ်စဉ်ကပင် ရင်းနှီးခဲ့ရသော အိမ်ရာဝင်ပုံပြင်များမှ အစပြုခဲ့လေသလား မသိနိုင်ချေ။ ကျွန်မအပါအဝင် ကလေးငယ်တော်တော်များများသည် ငယ်စဉ်ကပင် ဒဏ္ဍာရီများနှင့် ရင်းနှီးခဲ့ကြရသည်။ ဒဏ္ဍာရီများကား အလွန်ပင်စိတ်ဝင်စားဖွယ်ကောင်းပြီး ရသမြောက်သည်။ စိတ်လှုပ်ရှားမှု ဖြစ်စေသည်။ အံ့ဘနန်းဖြစ်စေရာ၊ ဝမ်းနည်းကြေကွဲစေရာ၊ ပျော်ရွှင်ဝမ်းမြောက်စေရာ၊ မချင့်မရဲဖြစ်စေရာ အစရှိသည့် ခံစားချက်များစွာကို ပေးသည်။ ဒဏ္ဍာရီများအား ယုတ္တိရှိမရှိ သရုပ်ခွဲစရာမလို။ အဘွား၏ရင်ခွင်တွင် နေ၍ စိတ်ဝင်တစား နားထောင်ရင်းနှင့်ပင် စိတ်ခံစားချက်များလည်း ဖွံ့ဖြိုးလာခဲ့ရပေသည်။

စိတ်ခံစားချက်နှင့် အသိဉာဏ်ကို မျှတအောင်ချိန်ညှိနိုင်သောအရွယ်သို့ ရောက်လာသည့်အခါ သမိုင်းကို ပို၍စိတ်ဝင်စားလာခဲ့ရသည်။ တချို့သမိုင်းများကို ငယ်စဉ်ကဖတ်မှတ်ခဲ့ရဖူးသည်။ တဖြည်းဖြည်းနှင့် သမိုင်းကိုပင် ယုံသင့်မယုံသင့် ချင့်ချိန်တွေးဆတတ်လာသည်။ သမိုင်းပညာရှင်များ၏ ကွဲလွဲသည့်အယူအဆ အဖုံဖုံကိုလည်း ရှာဖွေဖတ်မှတ် လေ့လာတတ်လာသည်။ ကျွန်မတို့ မသိမမီလိုက်သော လွန်လေပြီးသော နှစ်များစွာက သမိုင်းအဖြစ်အပျက်များကို ကျွန်မတို့ မည်မျှ အပ်ကျမပ်ကျ မျှော်တွေးမှန်းဆနိုင်မည်နည်း။

ဒဏ္ဍာရီက မည်မျှနာမည်ကျော်ကြား လူကြိုက်များသည့်တိုင် သုတေသန အထောက်အထား ရယ်လို့ ရှာမတွေ့သည်လည်းရှိသလို သုတေသန အထောက်အထားများ ရှာဖွေတွေ့ရှိသည့်တိုင် သမိုင်းပညာရှင်များ၏ တွေးဆပုံမတူညီသည့်အခါ ကွဲပြားခြားနားသည့် အယူအဆများလည်း ရှိတတ်ပေသည်။ မယုံနိုင်ဖွယ်သော ဒဏ္ဍာရီများထဲက အနည်းငယ်သော သဲလွန်စနှင့် သမိုင်းအထောက်အထားတို့ ဆက်စပ်မှု ရှိပုံကိုလည်း ကျွန်မ လေ့လာရင်းသိခွင့်ရခဲ့ပါသည်။

ထို့ကြောင့်ပင် မြန်မာအပါအဝင် ကမ္ဘာအရပ်ရပ်က ဒဏ္ဍာရီများနှင့် သုတေသနအထောက်အထားများကို နှိုင်းယှဉ်တွေးဆ လေ့လာဖြစ်ခဲ့ပါသည်။ ထိုမှအစပြု၍ လူ့သမိုင်း၊ လူ့ဇာစ်မြစ်အကြောင်းကိုပါ လေ့လာမဆုံးနိုင်အောင်၊ စိတ်ဝင်စားလို့မဆုံးနိုင်အောင် ဖြစ်ခဲ့ရလေသည်။ ထိုစိတ်ဝင်စားမှုများက နှီးနွှလေသောအခါမှာတော့ ဤဝတ္ထုဇာတ်လမ်းသည် ကျွန်မ၏စိတ်နှလုံး၌ လေးနက်စွာ ခိုဝင်ပြီတွယ်လာခဲ့လေသည်။

ဤဝတ္ထုရေးဖွဲ့ရာတွင် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများကို အခြေခံ၍ လွန်ခဲ့သော နှစ် ၂၀၀၀ ဝန်းကျင်ကာလက ပျူနိုင်ငံများ၏ ယဉ်ကျေးမှု အနုပညာ၊ ကိုးကွယ်ယုံကြည်မှုနှင့် ပျူခေတ်နိုင်ငံခြား ဆက်ဆံရေးတို့ကို အခြေခံကာ ပျူခေတ်ကာလ အခြေအနေတို့ကို ပြန်လည်ဖန်တီးတည်ဆောက်လျက် ထိုအခင်းအကျင်းထဲတွင် စိတ်ကူးဇာတ်ကောင်များ ဖန်တီးအသက်သွင်းခဲ့ပါသည်။ အချို့ဇာတ်ကောင်များမှာ ဒဏ္ဍာရီကိုအခြေခံပြီး အချို့ဇာတ်ကောင်များမှာ သုတေသနအထောက်အထားများကို အခြေခံပါသည်။ ပျူခေတ်မှ လူအမည်များကို လက်လှမ်းမမီနိုင်ပါသဖြင့် မိမိစိတ်ကူးဖြင့်သာ ဆီလျော်အောင်ရွေး၍ ပေးခဲ့ရပါသည်။ ပျူခေတ်အခင်းအကျင်းကို ရေးဖွဲ့ရန် ကျော်ကြားပြီးဖြစ်သော ဒဏ္ဍာရီများထက် သုတေသနဆိုင်ရာ အချက်အလက်များဘက်ကို အလေးသာ၍ရေးဖွဲ့ခဲ့သည်ဖြစ်ရာ လူအများ ရှေးယခင်ကယုံကြည်ထားသည့် ယုံကြည်မှုများနှင့် ကွာခြားမှုများလည်းရှိနိုင်ပါသည်။

ဤဝတ္ထုရေးသားနိုင်ရန်အတွက် ပျူခေတ်နှင့်ပတ်သက်သော စာအုပ်စာတမ်းများ၊ မြန်နှင့် ပတ်သက်သော နက္ခတ်တာရာနှင့် ပတ်သက်သော ဗေဒင် စာအုပ်စာတမ်းများစွာကို ဖတ်ရှုခဲ့ရာ အလုံးစုံဖတ်ပြီးခဲ့ရာ မဟုတ်သော်ငြားလည်း ရှေးအဉ်အစက်မှ ယနေ့အချိန်ထိတိုင် လူတို့၏သမိုင်းကြောင်း၊ မြန်မာတို့၏သမိုင်းကြောင်းနှင့် ပျူခေတ်နှင့်ပတ်သက်သမျှကို လေ့လာသုတေသန မှတ်တမ်းပြုစု၍ စာအုပ်စာတမ်းအမျိုးမျိုး ရေးသားပြုစုခဲ့ကြသည့် သမိုင်းပညာရှင်၊ သုတေသနပညာရှင်နှင့် စာပေပညာရှင်များအား လေးစားကျေးဇူးတင်စွာ ဦးညွှတ်အပ်ပါသည်။ ဤစာအုပ်၌ ပညာရှင်တို့၏အယူအဆနှင့် ကွဲပြားမှုများ ပါရှိခဲ့ပါကလည်း ကျွန်မ၏တွေးဆမှုနှင့်ပတ်သက်၍ ကျွန်မမှာသာ တာဝန်ရှိပါသည်။

ကျွန်မသည် ကျွန်မတို့နိုင်ငံ၏ဖြစ်တည်မှုနှင့် ကျွန်မတို့နိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အထူးပင် စိတ်ဝင်စားမိသည်ဖြစ်ရာ တိုင်းရင်းသား သွေးချင်းတို့၏ ဘဝအခြေအနေများကို လေ့လာမှတ်တမ်းပြု၍ ဝတ္ထုဇာတ်လမ်းများ ရေးဖွဲ့ဖြစ်ခဲ့သလို မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ပုဂံခေတ်ကို အခြေပြုလေ့လာ၍လည်း ဝတ္ထုရေးဖွဲ့ဖြစ်ခဲ့ပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် လူမျိုးစွဲ၊ ဇာတိစွဲ စသည့်အစွဲများ ကင်းရှင်းသော စိတ်နှလုံးဖြင့် ရေးဖွဲ့ခဲ့ပါသည်။ ယခု ပျူနှင့် ပတ်သက်၍ ရေးဖွဲ့ရာတွင်လည်း ထိုသို့ပင်ဖြစ်ပါသည်။ ဝတ္ထုရေးသားနေသည့် အချိန်များတွင် ကျွန်မသည် ကျွန်မကိုယ်ကျွန်မ လူ့ဘဝ၏ သောက၊ ဒုက္ခ၊ သမုဒယတို့နှင့်အတူ ချစ်တတ်၊ မုန်းတတ်၊ လွမ်းတတ်၊ ပျော်တတ်သည့် လူသားတစ်ဦးအဖြစ်သာ ခံစားမှတ်ယူ၍ ရေးဖွဲ့ခဲ့ပါသည်။

ယခုအခါ ကျွန်မ၏နှလုံးအိမ်ဝယ် ကာလရှည်ကြာ ရှင်သန်လှုပ်ရှားခဲ့သော ဇာတ်ကောင်များအား မွေးဖွား သန့်စင်လျက် စာဖတ်သူများရှေ့သို့ ပို့ဆောင်လိုက်ပါသည်။ ထိုဇာတ်ကောင်များက ကျွန်မ၏ နှလုံးသားအား ခံစားမှုအဖုံဖုံဖြင့် လှုပ်ရှားသက်ဝင်စေသကဲ့သို့ စာဖတ်သူ၏နှလုံးအိမ်တွင်လည်း သက်ဝင်လှုပ်ရှားနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

မေတ္တာဖြင့်...

ပုညခင်

20.12.2020